
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 519 - 532)
စာစဉ် - ၃၈

# အပိုင်း ၅၁၉
# ဘာတုန်းဟ?

ဂူမိသားစုဟာ ဘေးဒုက္ခကနေ သီသီလေး လွတ်မြောက်သွားခဲ့ပြီး ကြောက်ကြောက်လန့်လန့်နှင့် အိမ်နောက်ခန်းထဲကနေ ထွက်လာကြသည်။ အစေခံတွေနဲ့ အကြီးတန်းအစေခံတွေက ကျန်းမိန်ယီနဲ့ သူမသမီးကို ဝန်းရံထားကြပြီး သူတို့အားလုံးရဲ့ မျက်နှာပေါ်၌ ထိတ်လန့်နေတဲ့ အမူအရာတွေ ရှိနေကြသေးသည်။ အထိန်းတော်စူးရဲ့ စကားတွေကို ကြားတဲ့အခါ ဂူမိသားစုတစ်ခုလုံး မယုံကြည်နိုင်စွာဖြင့် မျက်လုံးတွေ ပြူးကျယ်သွားကြသည်။ ဒါ...ဒါက သူ မင်းသားကိစ္စကို ဖုံးပေးနေတယ်ဆိုတဲ့ သဘောပဲ!

ဂူမိသားစုရဲ့ သခင်ကြီးဖြစ်သူ ဂူတင်းစန်းက အရိပ်အကဲ နားလည်တဲ့သူဖြစ်ပြီး အလျင်အမြန် သဘောတူလိုက်သည်။

"အမှန်ပဲ, အမှန်ပဲ! ကျွန်တော်တို့အိမ်က လူများလွန်းတော့ အိမ်တော်က အရမ်းသေးနေတာနဲ့ အဆောက်အဦးတချို့ ထပ်ချဲ့ချင်နေခဲ့တာ။ ကျွန်တော်တို့တွေ အထိန်းတော်စူးနဲ့... တော်ဝင်မင်းသားယန်ကိုပါ အသိပေးသလို ဖြစ်သွားခဲ့မယ်လို့ ထင်မထားဘူး။ တကယ်ကို မျက်နှာပူစရာပါပဲ!"

ကျန်းမိန်ယီက ဒီအခွင့်အရေးကို အသုံးချကာ ကျူးကျွင်းယန်ဆီကနေ လျော်ကြေးအဖြစ် ပိုက်ဆံတွေ ပိုတောင်းချင်သည်။ သူမအမျိုးသားက ထို

ကဲ့သို့ ပြောလာတဲ့အခါ ရုတ်တရက် သူမက အထိတ်တလန့်နှင့်

"ယောက်ျား, ကျွန်မတို့မိသားစုမှာ အိမ်ပြန်ဆောက်ဖို့ ပိုက်ဆံ လုံလုံလောက်လောက်မှ မရှိတာ..."

"ပါးစပ်ပိတ်ထား!!"

ဂူတင်းစန်းက အံကြိတ်ပြီး ဟောက်လိုက်သည်။ သူ ဒီဉာဏ်မရှိတဲ့ မိန်းမကို တော်ဝင်မင်းသားယန်ရယ်၊ တော်ဝင်မင်းသားကျင်းအိမ်တော်တို့နဲ့ ဆက်ဆံရေးကောင်းရှိဖို့ လိုအပ်တယ်လို့ အကြိမ်ကြိမ်အခါခါ သတိပေးခဲ့သည်။ သူတို့တွေက သူမ, သွားပြီးထိပါးလို့ရတဲ့ လူတွေမဟုတ်ပေ။ သို့ပေမယ့် ဒီမိန်းမက သူ့စကားကို ဘယ်တော့မှ နားမထောင်။ ကြင်ယာတော်မင်းသမီးကျင်းဆီ အလည်သွားတိုင်း သူမက အမြဲတမ်း ခေါင်းကို ခပ်မြင့်မြင့် မော့ထားပြီး စကားပြောရင်လည်း အထက်စီးဆန်လှသည်။ သူမက သေးငယ်တဲ့ ပဉ္စမအဆင့်အရာရှိတစ်ယောက်ရဲ့ ဇနီးဖြစ်တယ်ဆိုတဲ့အချက်ကို ဘယ်တော့မှ မစဉ်းစားပေ။ ပထမအဆင့်ရှိ ကြင်ယာတော်မင်းသမီးတစ်ယောက်ရှေ့မှာ အလွန်အမင်း ဟန်ပန်များနေရအောင် သူမမှာ ဘာအရည်အချင်းတွေများ ရှိနေလို့လဲ? သူမက နဂို သန့်ရှင်းနေတဲ့ လက်ကို အညစ်အကြေးတွေ စွန်းထင်းသွားအောင် တကယ်လုပ်နိုင်တာပဲ! အဲ့အချိန်တုန်းက သူ ဒီလို ဂြိုလ်မွှေတတ်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ခဲ့ရအောင် ဘယ်လိုတောင် ကန်းနေခဲ့တာပါလိမ့်?

ဒီနေ့ သူ နန်းတော်ကနေ ထွက်လာတဲ့တော့ တော်ဝင်မင်းသားယန်က သူတို့အိမ်တော်ဆီ အလည်ရောက်လာတယ်ဆိုတဲ့အကြောင်း ကြားခဲ့ရသည်။ ဒါက မင်းသားနဲ့ ဆက်ဆံရေးတစ်ခု တည်ဆောက်ဖို့ အခွင့်အရေးကောင်းပင်။ သို့ပေမယ့် ဒီသားအမိနှစ်ယောက်က အန္တရာယ်ရှိတဲ့ ဂြိုလ်ကောင်ကို ဘယ်လို အမှားသွားပြုမိတယ်မသိ။ အိမ်တော်တစ်ခုလုံး သူတို့လက်ထဲမှာ

ဖျက်ဆီးခံရလုနီးပဲ! ဖျက်ဆီးခံရတဲ့ အဆောက်အဦးတွေကို သူ အမြဲတမ်း ပြန်ဆောက်နိုင်ပေမယ့် ခက်ခက်ခဲခဲ ရခဲ့တဲ့ သူ့သားနဲ့ သူ့သားကို မွေးဖွား ပေးခဲ့တဲ့ သူအနှစ်သက်ဆုံး ကိုယ်လုပ်တော်သာ ဆုံးပါးသွားခဲ့ရင် မျက်ရည် တွေ မကျန်တော့သည်အထိ သူ ငိုချမိမှာပင်။

ဂူမိသားစုအတွက် ဆက်ခံသူတစ်ယောက် ပေါ်ထွန်းဖို့ မလွယ်ကူခဲ့ပေ။ တစ်ဦးတည်းသောသားက သူအသက်လေးဆယ်အရွယ်၌ အိမ်တော်ထဲကို ဒါဇင်လောက်ရှိတဲ့ ကိုယ်လုပ်တော်တွေ ခေါ်သွင်းပြီး နောက်မှသာ မွေးဖွား ခဲ့တာဖြစ်သည်။ ဂူတင်းစန်းက လူအုပ်ကြီးကို ကြောက်ရွံ့မှု အနည်းငယ်နဲ့ ကြည့်ရင်း သူ့သားနဲ့ ကိုယ်လုပ်တော်ကို ဆက်လက် ကာကွယ်ထားသည်။ သူ့စိတ်ထဲမှာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ သူ ဒီပြဿနာရှာတတ်တဲ့ ကျန်းမိန်ယီကို အပစားပေးလို့ မဖြစ်တော့! သူ့ဇနီးအပေါ် မုန်းတီးမှုတွေ မြင့်တက်လာတဲ့အတွက် ပုံမှန်ဆို လိမ္မာပါးနပ်ပြီး ချစ်စဖွယ်ကောင်းတဲ့ သူ့ သမီးကိုတောင် အနည်းငယ် မကျေမချမ်း ဖြစ်မိသွားသည်။

"အထိန်းတော်စူး, တော်ဝင်မင်းသားယန်, ဒီနေ့တော့ မင်းသားတို့နှစ် ယောက်ကို အိမ်တော်မှာဧည့်ခံဖို့ အဆင်ပြေမယ် မထင်ဘူး။ နောက်ရက်ကျ မှ ကျွန်တော် အိမ်ရှင်အဖြစ် တာဝန်ယူပြီး မင်းသားတို့နှစ်ယောက်ကို စား ရင်းသောက်ရင်း စကားစမြည်ပြောဖို့ ဖိတ်ခေါ်လိုက်ပါ့မယ်!"

ဂူတင်းစန်းက အပြုံးတစ်ခုကို ဖျစ်ညစ်ပြုံးပြကာ အင်မတန် ယဉ်ကျေးတဲ့ လေသံဖြင့် ပြောလိုက်သည်။

ကျူးကျွင်းယန်က အလွန်ကြည့်ရဆိုးတဲ့ ခါးလွယ်အိတ်တစ်ခုကနေ လျှန် ငါးထောင် တန်ဖိုးရှိသည့် ငွေစက္ကူတစ်ရွက် ထုတ်လိုက်ပြီး ဂူတင်းစန်းဆီ ကမ်းပေးကာ ပြောလိုက်သည်။

"အဲ့လိုလုပ်ဖို့ မလိုပါဘူး! ခင်ဗျားရဲ့ အိမ်သစ်အတွက် ကျွန်တော် အခုပဲ

ဂုဏ်ပြုလိုက်ပါရစေ။ ခင်ဗျားရဲ့အိမ် ဆောက်လို့ပြီးသွားတဲ့အခါကျရင် ဒီမင်းသားက စစ်တန်းလျားမှာ ရှိနေမှာဆိုတော့ အိမ်တက်ပွဲကို တက်ရောက်နိုင်မှာ မဟုတ်ဘူး။ အဲ့ဒီအစား ဒီငွေစက္ကူကို ယူထားလိုက်ပါ။ ကျေးဇူးပြုပြီး ဘယ်လိုမှ မအောက်မေ့ပါနဲ့, အရာရှိဂူ"

ယွီရှောင်ချောင်းက အိတ်ပေါ်မှာ ဘာမှန်းမသိတဲ့ ပုံစံတစ်ခုနဲ့ ချည်အကွက်ဖော်ထားသည့် ထိုပုံပျက်ပန်းပျက်အိတ်ကို ငေးကြည့်လိုက်သည်။ သူမမျက်လုံးတွေ ဖျတ်ခနဲ လှုပ်ရှားသွားသည်။ သူမ အစမ်းလေ့ကျင့်တဲ့အနေနဲ့ ထိုးခဲ့တဲ့ ဒီအိတ်ကို လွှတ်ပစ်ဖို့ ရင်းချွမ်ကို ပြောခဲ့တယ် မဟုတ်ဘူးလား? ဘယ်လိုလုပ် သူ့ရဲ့ ခါးပတ်ပေါ် ရောက်နေရတာလဲ? သူမကိုယ်တိုင်တောင် အဲ့ဒီရုပ်ဆိုးဆိုးအိတ်ကို ကြည့်ရတာ ရှက်မိပေမယ့် တစ်ဖက်မှာတော့ သူက ထိုအရာကို အဖိုးတန်ရတနာတစ်ခုလိုမျိုး ဝတ်ဆင်ထားသည်။ သူ့ကို တခြားလူတွေ ဟားကြမှာ မကြောက်ဘူးလား...

တကယ်တမ်းတော့ ကျူးကျွင်းယန် စစ်တန်းလျားမှာ ရှိနေစဉ်အတွင်း လူတော်တော်များများက သူ့ကို ထိုအိတ်နဲ့ပတ်သက်ပြီး ဟာသလုပ်ခဲ့ကြသည်။ သို့သော်လည်း သူက ဒါကို ရှက်စရာလို့ သဘောမထားဘဲ ဂုဏ်ယူစရာတစ်ခုဟုသာ တွေးပြီး သူ့ကို စနောက်ကြတဲ့ လူတွေအားလုံးကို သူက စိတ်ကြီးဝင်၍ မြောက်ကြွမြောက်ကြွဖြစ်နေသော အမူအရာဖြင့်သာ ကြည့်နေတတ်သည်။

'ဒီအိတ်ကို ဒီမင်းသားရဲ့ အမျိုးသမီးလေးက ကိုယ်တိုင်လုပ်ပေးခဲ့တာကွ ဒီမင်းသားကတော့ ဒါကိုဝတ်ရတာ အရမ်း ပျော်တယ်။ မင်းတို့တွေကသာ ငါ့ကိုမနာလိုဖြစ်နေတဲ့ တစ်ကိုယ်တော် ခွေးလေးတွေ!'

သူတို့တွေ မနာလိုဖြစ်နေကြတာ မဟုတ်ပါဘူး, ဟုတ်ပြီလား? သို့ပေမယ့် အရာရှိတွေနဲ့ တပ်သားတွေရဲ့ ယွီရှောင်ချောင်းအပေါ်ထားတဲ့ အထင်အမြင်

တွေကတော့ နည်းနည်းလေး တိုးတက်သွားသည်__ နောက်ဆုံးတော့ အရာရှိယွှီ မကျွမ်းကျင်တဲ့ အရာတစ်ခု ရှိလာပြီပဲ!

ဆယ်ကျော်သက်ထဲဝင်ခါစ မိန်းမငယ်လေးတစ်ယောက်က မြို့တော်မှာရှိတဲ့ လူငယ်လေးတွေ အားလုံးကို ကျော်တက်သွားခဲ့သည်။ မြို့တော်၌ အရာရှိယွှီလို အရည်အချင်းရှိတဲ့ နောက်ထပ်လူတစ်ယောက် ရှာတွေ့နိုင်မည် မဟုတ်ပေ။ ဒါက စစ်တပ်ထဲမှာရှိတဲ့ လူအိုကြီးတစ်သိုက်ကို အနည်းငယ် အရှက်ရစေသည်။ ဒါပေမဲ့လည်း သူတို့လုပ်နိုင်တာ ဘာရှိမှာလဲ? သူတို့တွေက စစ်မြေပြင်ကို ဘယ်လို ချီတက်ရမယ်၊ စစ်ပရိယာယ်အမျိုးမျိုးကို ဘယ်လိုအသုံးချရမယ်ဆိုတာနဲ့ သတ္တိရှိရှိ တိုက်ခိုက်ဖို့အတွက်သာ သိသည်။ လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေးနဲ့ ပိုက်ဆံရှာတဲ့ နေရာတွေမှာတော့ ယွှီရှောင်ချောင်းနဲ့ယှဉ်ရင် သူတို့ နောက်ကောက်ကျန်နေခဲ့လိမ့်မည်။ မိန်းမငယ်လေးတစ်ယောက်ရဲ့ လွယ်လွယ်ကူကူ အကျောခံနေရတာက ဒီယောကျ်ားသားတစ်စုကို စိတ်မသက်မသာ ဖြစ်စေသည်။ အခု အင်မတန် ရုပ်ဆိုးလှတဲ့ ထိုအိတ်ကို မြင်ပြီးနောက်မှသာ သူတို့စိတ်ထဲ နည်းနည်းလေး ခံသာသွားတော့သည်။

ကျူးကျွင်းယန်ကတော့ လက်ရှိမှာ ကောင်မလေးက ထိုရုပ်ဆိုးဆိုးအိတ်ကို သူမလက်ထဲ ပြန်ရောက်အောင်လုပ်ဖို့ ကြံရွယ်နေတယ်ဆိုတာ မသိပေ။ သူက ဂူတင်းစန်းရဲ့ လက်ထဲကိုသာ ငွေစက္ကူအား တိုက်ရိုက် ထိုးပေးနေသည်။ ကျန်းမိန်ယီနဲ့ သူ့သမီးက သူ စိတ်လွတ်သွားရခြင်းရဲ့ အကြောင်းအရင်း ဖြစ်တယ်ဆိုပေမယ့် သူက သူတို့မိသားစုရဲ့ အိမ်တော်ကို ဖျက်ဆီးခဲ့တာပဲလေ။ လျန်ငါးထောင်က အိမ်တော်ပြန်ဆောက်ရန်အတွက် သို့မဟုတ်လျှင် အသစ်စက်စက် အိမ်တစ်လုံး ဝယ်ရန်အတွက် လုံလောက်တာထက်ပင် ပိုပါသည်။

ဝူတင်းစန်းက ငြင်းဆန်ချင်နေသေးပေမယ့် ကျူးကျွင်းယန်က သူ့ကို တားလိုက်သည်။

"ဒီအတိုင်းပဲ ယူသာယူထားလိုက်ပါ! ရှေ့လျှောက် သခင်မဝူနဲ့ မိန်းကလေးဝူတို့သာ ဒီမင်းသားရှေ့မှာ ရုပ်လုံးလာမပြဖို့ မျှော်လင့်ပါတယ်။ ဒီမင်းသားနောက်ထပ်တစ်ကြိမ် စိတ်လွတ်ပြီး အန္တရာယ်ပြုမိမှာ စိုးလို့ပါ..."

ကျူးကျွင်းယန် အင်္ဂတေကျောက်ပြားတစ်ပြားကို သူ့လက်ထဲမှာတင် အမှုန့်တွေ ဖြစ်သွားအောင် ချေမွပစ်လိုက်တာကို မြင်ခဲ့ရတုန်းက ဝူတင်းစန်းတစ်ယောက် သူ့မျက်နှာတစ်ခုလုံး ထုံထိုင်းသွားသလို ခံစားခဲ့ရသည်။ ဒီမိုက်မဲတဲ့ သားအမိနှစ်ယောက်က မင်းသားကို လုံးဝစိတ်ပျက်အောင် လုပ်ခဲ့တာပဲ။ အနာဂတ်မှာ သူတို့တွေ တော်ဝင်မင်းသားကျင်းအိမ်တော်နဲ့ နီးစပ်ချင်တယ် ဆိုရင်တောင် ဖြစ်နိုင်တော့မှာ မဟုတ်ဘူး! ဝူတင်းစန်းက သူ့မျက်နှာပေါ်မှာ အပြုံးတစ်ခု ဆင်မြန်းထားပြီး သူ့ဇနီးနဲ့သမီးကို ကောင်းကောင်း ထိန်းပါမယ်လို့ ကတိအထပ်ထပ် ပေးလိုက်သည်။

တကယ်တော့ သူ သူတို့ကို မထိန်းဘူးဆိုရင်တောင် ကျန်းမိန်ယီနဲ့ သူမသမီးတို့က ဒီအဖြစ်အပျက်ပြီးနောက် အရိုးထဲထိ ကြောက်ရွံ့သွားကြပြီဖြစ်သည်။ သူတို့တွေ ကျူးကျွင်းယန်ကို အရှက်မရှိ ချဉ်းကပ်ဖို့ မဝံ့ရဲကြတော့။ အသိစိတ်မဲ့တဲ့ မကောင်းဆိုးဝါးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားခဲ့တဲ့ ကျူးကျွင်းယန်ရဲ့ ပုံရိပ်များက သူတို့နှလုံးသားထဲမှာ နက်နက်နဲနဲ ထင်ကျန်နေပြီး ဘယ်သောအခါမှ မေ့ပျောက်နိုင်တော့မည် မဟုတ်ပေ။

စူးရန်က ကျူးကျွင်းယန်တစ်ယောက် ပုံမှန်ပြန်ဖြစ်သွားပြီး ဘာကြီးကြီးမားမား ဘေးအန္တရာယ်မှ မဖြစ်ပျက်ခဲ့ကြောင်း အတည်ပြုပြီးနောက် အစီရင်ခံရန်အတွက် နန်းတော်သို့ ပြန်သွားခဲ့သည်။

ဝူအိမ်တော်ရဲ့ အပျက်အဆီးတွေဆီကနေ ထွက်ခွာဖို့လုပ်တော့ ယွီရှောင်

ချောင်းက ခေါင်းအစခြေအဆုံး ဖုန်တွေ အညစ်အကြေးတွေ ဖုံးလွှမ်းနေသော ကျူးကျွင်းယန်နှင့် သူ့ဘေးနားက ဒဏ်ရာရထားတဲ့ အစေခံနှစ်ယောက်ကို ကြည့်လိုက်သည်။ သူတို့တွေ တော်ဝင်မင်းသားကျင်းအိမ်တော်ကို ဒီအတိုင်း ပြန်လို့ကတော့ စိတ်ချရမယ် မထင်မိ။ အထိန်းတော်လျိုနဲ့ သက်တော်စောင့်သုန့်တို့ နှစ်ယောက်လုံးက အလွန် ပြင်းပြင်းထန်ထန် ဒဏ်ရာရထားကြပြီး မြင်းတောင် မစီးနိုင်တော့တာကြောင့် သူမက လမ်းပေါ်မှ ရထားလုံးတစ်စီးကို ငှားလိုက်ကာ သူတို့နှစ်ယောက်ကို ဒဏ်ရာတွေ ပိုမဆိုးသွားစေရန်အတွက် လှဲနေခိုင်းလိုက်သည်။

"ရှင် ရုတ်တရက်ကြီး အသိစိတ်လွတ်သွားရအောင် အဲ့သားအမိနှစ်ယောက်က ဘာများလုပ်လိုက်လို့လဲ"

ယွီရှောင်ချောင်းက ပြဿနာရဲ့ အရင်းအမြစ်ကို ရှာဖွေတာက ပိုပြီးညဏ်ရှိလိမ့်မည်ဟု တွေးမိသည်။ ထိုနည်းနဲ့ သူတို့တွေ အဓိက အဖြေတစ်ခုကို ဖော်ထုတ်နိုင်ပြီး သူ့နှလုံးသားနတ်ဆိုးကို ကောင်းကောင်း ထိန်းချုပ်နိုင်လိမ့်မည်။

ကျူးကျွင်းယန်က မျက်မှောင်အနည်းငယ် ကျုံ့ပြီး သေချာစဉ်းစားကြည့်ကာ ပြောလိုက်သည်။

"သူတို့နှစ်ယောက်လုံးက အရမ်းစိတ်ရှုပ်ဖို့ကောင်းပေမယ့် ဘာလွန်လွန်ကြူးကြူးမှတော့ မလုပ်ခဲ့ကြဘူး။ တစ်ခုလေးပဲ..."

"ဘာတစ်ခုလဲ?"

ယွီရှောင်ချောင်းက စကားထောက်ပေးလိုက်သည်။

"ဝူကျင်းလင်ဆီက အရမ်း စိတ်မသက်မသာ ဖြစ်စေတဲ့ ထူးဆန်းတဲ့ အနံ့တစ်မျိုး ရနေတာ တစ်ခုပဲ..."

ကျုံးကျွင်းယန်လည်း နှစ်ပေါင်းများစွာ ငြိမ်သက်နေခဲ့ပြီးနောက် သူကိုယ်သူ အထိန်းအချုပ် မဲ့သွားတာက အရမ်းထူးဆန်းတယ်ဟု ထင်မြင်မိသည်။ ပြောရမယ်ဆိုရင် သူ တိုက်ပွဲအလယ်မှာ ရှိနေပြီး အန္တရာယ်ရှိတဲ့ စစ်ပွဲတစ်ပွဲကို တိုက်ခိုက်နေခဲ့ရတုန်းကတောင် အမှောင်ထုထဲ ကျရောက်သွားဖို့ တစ်ခါမှ မနီးစပ်ခဲ့ပေ။ ဒါဆို ဒီမူမမှန်တဲ့ဖြစ်ရပ်က ဂူမိသားစုနဲ့ အများကြီး ပတ်သက်နေတာပဲ ဖြစ်ရမည်။

ယွီရှောင်ချောင်းက ကလေးဆန်တဲ့ လေသံလေးကို တမင်တကာ သုံးပြီး မေးလိုက်သည်။

"ဘယ်လိုအနံ့မျိုးလဲ? ရှင့်ရဲ့ဝမ်းကွဲညီမမှာ ရှင်မခံနိုင်တဲ့ ကိုယ်သင်းနံ့တစ်မျိုး ရှိနေတယ်လို့ ပြောချင်တာလား?"

လမ်းပေါ်မှာ သူမနဲ့အတူ ဘေးချင်းယှဉ်လျှောက်နေတဲ့ ကျုံးကျွင်းယန်က ထိုမှတ်ချက်ကြောင့် ပြုံးမိသွားပြီး သူ့လက်ချောင်းနဲ့ သူမရဲ့ခေါင်းလေးကို သာသာလေး တို့ထိလိုက်သည်။

"ဒါက သူ့ကိုယ်သင်းနံ့နဲ့ နည်းနည်းလေးမှ မသက်ဆိုင်ဘူးလေကွာ! ဒီမင်းသားက ဆိုးရွားတဲ့ ကိုယ်သင်းနံ့လေး တစ်ခုကြောင့်နဲ့ အထိန်းအချုပ်မဲ့သွားရလောက်တဲ့ထိ အားပျော့တဲ့လူလား? ဘာအနံ့မျိုးလဲဆိုတာတော့ ကိုယ်တကယ် မဖော်ပြတတ်ဘူး။ လူတစ်ယောက်ကို ဆူပူသောင်းကျန်းချင်စိတ်တွေ ဖြစ်ပေါ်လာနိုင်စေတဲ့ ခံစားချက်လို့ပဲ ကိုယ်ပြောနိုင်တယ်!"

[ပြဿနာက ဘာလဲဆိုတာ ငါသိပြီ!!]

အံ့ဖွယ်ကျောက်တုံးလေးက တစ်နေ့လုံး တရားမှတ်ကာ စွမ်းရည်တိုးပွားအောင် ကျင့်ကြံနေခဲ့ပြီး နောက်ဆုံးမှာ ကိုယ်ထင်ပြဖို့ ဆုံးဖြတ်လိုက်သည်။

ယွီရှောင်ချောင်းရဲ့ စိတ်ခွန်အားတွေ မြင့်တက်သွားပြီး သူမက

တိုးတိုးတိတ်တိတ် မေးလိုက်သည်။

'ငါတို့ကို မြန်မြန်ပြောပြ၊ အကြောင်းအရင်းက ဘာလဲ?'

[နင့်အချစ်လေးရဲ့ ဝမ်းကွဲညီမက သန့်စင်တဲ့ 'ယင်' မိန်းကလေး တစ်ယောက်ပဲ။ သူမက ယင်နှစ်၊ ယင်လ၊ ယင်ရက်၊ ယင်နာရီမှာ မွေးဖွားခဲ့တာ။ သူမငယ်ငယ်တုန်းက အရမ်းချူချာပြီး အားနည်းခဲ့လိမ့်မယ်။ ပြီးတော့ သူမက ကွယ်လွန်ပြီး အစွဲမကျွတ်သေးတဲ့ ကမ္ဘာပေါ်က ဝိဉာဉ်အကြွင်းအကျန်တွေကို အလွယ်တကူ ဆွဲဆောင်နိုင်လောက်တယ်။ ရှင်းရှင်းပြောရရင်တော့ သူမက သရဲတစ္ဆေတွေကို ဆွဲဆောင်နိုင်တယ်!]

အံ့ဖွယ်ကျောက်တုံးလေးက ရှောင်ချောင်းကို သန့်စင်တဲ့ 'ယင်'မိန်းကလေးတစ်ယောက် ဖြစ်ရခြင်းရဲ့ အချက်အလက်တွေကို ရှင်းပြလိုက်သည်။

'အဲ့ဒါက ကျူးကျွင်းယန် စိတ်လွတ်သွားတာနဲ့ ဘာဆိုင်လို့လဲ?'

ယွီရှောင်ချောင်းက ခေါင်းမှန်းအမြီးမှန်း နားမလည်သေးပေ။ သန့်စင်တဲ့'ယင်'ခန္ဓာကိုယ်ရှိတဲ့ လူတွေက နှလုံးသားနတ်ဆိုးကို အနှောင့်အယှက်ပေးနိုင်လို့လား?

[ဒါက အများအားဖြင့်တော့ ဘာသက်ရောက်မှုမှ မရှိနိုင်ပါဘူး! ဒါပေမယ့် နင့်အချစ်လေးရဲ့ ဝမ်းကွဲညီမက အိမ်မှာ တော်တော်လေး မျက်နှာသာ အပေးခံထားရတာဆိုတော့ သူမအမေက သူ့သမီးလေး ဒုက္ခတွေ ခံစားနေရတာကို မကြည့်ရက်တာနဲ့ သူမရဲ့ကံကြမ္မာကို ပြောင်းလဲဖို့ 'ပညာရှင်'တစ်ယောက်ကို ပင့်လိုက်တယ်လေ]

အံ့ဖွယ်ကျောက်တုံးလေးက သူ့ရဲ့ပရိသတ်ကို ဆန့်တငင်ငင်ဖြစ်အောင် လုပ်ရတာ နှစ်သက်ပုံရတာမို့ ခဏလောက် ရပ်တန့်လိုက်သည်။

ယွီရှောင်ချောင်းက မျက်မှောင်ကြီးကျုံ့ပြီး စိတ်မရှည်စွာနဲ့ ညည်းညူလိုက်သည်။

'တစ်ခါတည်းနဲ့ အားလုံးပြောလိုက်လို့ မရဘူးလား အမြဲတမ်း ဝေ့လည်ကြောင်ပတ်ပဲလုပ်နေတာ စိတ်တိုဖို့ကောင်းတယ်!'

ကျူးကျွင်းယန်က ကောင်မလေးတစ်ယောက် ပထမက ပျော်ပျော်ရွှင်ရွှင် ပြုံးဖြီးနေပြီး အဲ့ဒီနောက် မပျော်မရွှင်ဖြစ်သွားတာကို စောင့်ကြည့်နေခဲ့သည်။ သူမရဲ့ မျက်နှာအမူအရာ ပြောင်းသွားခြင်းက လန့်စရာကောင်းလောက်အောင် လျင်မြန်လွန်းသည်။ သူ့ကောင်မလေး အခုချိန် ဘာတွေများ တွေးနေလဲဆိုတာ သူ တကယ်ပဲ သိချင်လှသည်။

"ရှောင်ချောင်း, ဘာဖြစ်လို့လဲ"

သူက ရှောင်ချောင်းရဲ့ ပုခုံးကို ဖွဖွလေး တွန်းလိုက်ပြီး ညင်ညင်သာသာ မေးလိုက်သည်။

ယွီရှောင်ချောင်းက အံ့ဖွယ်ကျောက်တုံးလေး ပြောပြနေတဲ့ ဇာတ်လမ်းရဲ့ အရေးကြီးဆုံးအပိုင်းကို ရောက်နေပြီဖြစ်တာကြောင့် သူမက မင်းသားကို လျစ်လျူရှုလျက် လက်ခါပြလိုက်ကာ သူမရဲ့ အာရုံတွေ အကုန်လုံးကို ကျောက်တုံးလေးဆီ ပြန်ပို့လိုက်သည်။

[ကံဆိုးတာက သူ့ဝမ်းကွဲညီမရဲ့ အမေက ငတုံးမကြီး ဖြစ်နေတာပဲ။ သူမက ကမ္ဘာပေါ်မှာရှိတဲ့ အမှန်အကန် ပညာရှင်ဘုန်းကြီးတွေထဲက တစ်ယောက်ကိုမှ ရှာမတွေ့ခဲ့ဘူးလေ။ အဲ့ဒီအစား အောက်လမ်းပညာဘက်လိုက်စားတဲ့ မှော်ဆရာတစ်ယောက်ကို ရှာလာခဲ့တာ။ ဒါပေမယ့် အဲ့မှော်ဆရာမှာလည်း အကြံအစည်တွေနဲ့။ သူက အဲ့ဒီသနားစရာ ကောင်မလေးရဲ့ ကံကြမ္မာကို ထိန်းချုပ်ဖို့ လူတစ်ယောက်ရဲ့ အသက်စွမ်းအားကို ခိုးယူတဲ့ ကျိန်စာတစ်ခုကို သုံးခဲ့တာ]

'လူတစ်ယောက်ရဲ့ အသက်စွမ်းအားကို ခိုးယူတယ်?'

ယွီရှောင်ချောင်း ထိုအကြောင်းကို ကြားတဲ့အခါ အတော်လေး ထိတ်လန့်သွားမိသည်။ ဒီလို အောက်လမ်းမျိုးက လူတစ်ယောက်ကို သေချာပေါက်ဘေးဖြစ်စေနိုင်သည်။

'ဒါဆို... အဲ့ဒီကျိန်စာက ဂူကျွင်းလင်ရဲ့ သက်တမ်းကို စားပစ်နေတယ်လို့ဆိုလိုတာလား?'

[အင်း အမှန်ပဲ! တကယ်လို့ အဲ့ဒီကျိန်စာသာ မပြယ်ရင် သူမအသက် သုံးဆယ်ကျော်ထိတောင် မနေရဘူးဆိုတာ ငါလောင်းရဲတယ်! ဒါပေမယ့် ကျိန်စာပြယ်သွားပြန်ရင်လည်း ညတိုင်း သူမဘေးမှာ ဝိညာဉ်တွေစုဝေးပြီး အိမ်မက်ဆိုးတွေ မရပ်တန့်တော့တဲ့ အခြေအနေဆီ ပြန်ရောက်သွားလိမ့်မယ်။ ဒါကလည်း သူမသက်တမ်းအပေါ် သွားပြီး သက်ရောက်မှာပဲ! အိမ်းဘယ်လိုနေနေ အဲ့ကောင်မလေးက အသက်ရှည်ရှည်နေရဖို့ မွေးဖွားလာခဲ့တာ မဟုတ်ဘူး!]

အံ့ဖွယ်ကျောက်တုံးလေးက မှော်တုတ်တံကို ဝှေ့ရမ်းနေတဲ့ မျက်လှည့်ဆရာတစ်ယောက်လိုမျိုး သံနေသံထားဖြင့် ပြောပြလာသည်။

"အား... အောက်လမ်းနည်းက လူတွေကို တကယ်အန္တရာယ်ပေးနိုင်တာပဲ!"

ယွီရှောင်ချောင်းက သူမ မျက်နှာပေါ်မှာ စာနာတဲ့ အကြည့်တစ်ခု ရှိနေပြီး သူမအတွေးတွေကို ယောင်ယမ်းကာ ထုတ်ပြောမိသွားသည်။

ရှောင်ချောင်းတစ်ယောက် ရှေ့တည့်တည့်မှာရှိနေတဲ့ တိုင်တစ်တိုင်ကို ဝင်မတိုက်မိခင်မှာပဲ ကျူးကျွင်းယန်က သူမကို ဘေးဘက်သို့ ဆွဲခေါ်လိုက်သည်။ ထို့နောက် သူက စိုးရိမ်ပူပန်စွာနဲ့

"ဘယ်လိုမကောင်းဆိုးဝါး အောက်လမ်းမျိုးလဲ? ရှောင်ချောင်း, တကယ်ပဲ ဘာတွေဖြစ်နေတာလဲ? မင်း အောက်လမ်းဆရာတစ်ယောက်နဲ့ ကြုံတွေ့ခဲ့ရလို့လား?"

"အပြုစားခံရတာ ကျွန်မ မဟုတ်ဘူး... ရှင့်ရဲ့ ဝမ်းကွဲညီမ!"

ယွီရှောင်ချောင်းက သူ့ကို ကြည့်လိုက်ကာ ဒီထက်ပိုပြီး ပြောပြချင်ပေမယ့် သူက ဒီကိစ္စကို နှိုက်နှိုက်ချွတ်ချွတ် တူးဖော်လာမှာကိုလည်း စိုးရိမ်မိသည်။

"ဝူကျွင်းလင်က ကျိန်စာမိနေတယ်လို့ မင်း ဘယ်လိုသိတာလဲ? သူ့ကြည့်ရတာ ပုံမှန်လူ တစ်ယောက်လိုပါပဲ"

ကျူးကျွင်းယန်က သူမလေး မဟုတ်တာတွေ လျှောက်ပြောနေတယ်လို့တော့ မထင်မိပေ။ သူက ရှောင်ချောင်းကို လေးလေးနက်နက် ကြည့်လိုက်သည်။ ဝူကျွင်းလင်တစ်ယောက် အောက်လမ်းပညာနဲ့ ကြုံခဲ့မကြုံခဲ့ကို သူ ဂရုမစိုက်ပေမယ့် ထိုအရာက ရှောင်ချောင်းအား တနည်းနည်းနဲ့ သက်ရောက်လာမှာကိုတော့ သူ စိုးရိမ်သည်။

ယွီရှောင်ချောင်းက ဘာပြောရမလဲဆိုတာ အရင်ဆုံး ပြင်ဆင်လိုက်ပြီးမှ ပြန်ဖြေလိုက်သည်။

"ကျွန်မက 'လျှို့ဝှက်ဆန်းကြယ် အတတ်ပညာနည်းလမ်း'ကို အနည်းအကျဉ်းလောက် သိတယ်လို့ပြောရင် ရှင်ယုံမှာလား?"

သူမက ကြီးမားပြီး တလက်လက်ထနေတဲ့ မျက်လုံးတွေကို ပင့်လိုက်ပြီး ကျူးကျွင်းယန်ကို မျှော်လင့်တကြီးနဲ့ ကြည့်လိုက်သည်။ သူမရဲ့ ပေါက်ကရလေးဆယ်တွေကို သူယုံကြည်ဖို့ မျှော်လင့်မထားပေမယ့်လည်း အခိုက အကြောင်းအရင်းဆီ ရောက်ဖို့ သူမ ကြိုးစားပြီး လမ်းဖောက်ကြည့်နေတာ ဖြစ်သည်။

[လှျို့ဝှက်ဆန်းကြယ် အတတ်ပညာနည်းလမ်း - မင်းဆက်ခြောက်ဆက်ခေတ် (၂၂၂-၅၈၉) မှ ရုပ်လွှန် ပို့စ်ကလက်ဆစ်ကယ် တရုတ်ဒဿန၊ တာအိုနှင့် ကွန်ဖြူးရှပ် အတွေးအခေါ်တို့ကို ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးခြင်းတို့ ပြုလုပ်ပြီး စုစည်းထားသည်]

'လှျို့ဝှက်ဆန်းကြယ် အတတ်ပညာ'? အဲ့တာဘာကြီးလဲ? တာအိုတွေရဲ့ မကောင်းဆိုးဝါးနဲ့ ဝိညာဉ်တွေကို ဖမ်းတဲ့ နည်းလမ်းလား ဒါမှမဟုတ် တစ်စုံတစ်ယောက်ရဲ့ ကံကြမ္မာကို ခန့်မှန်းတဲ့ ဖုန်းရှွေနည်းလမ်းလား? ကျူးကျွင်းယန်ရဲ့ ဖီးနစ်မျက်လုံးတွေ လှုပ်ရှားနေပြီး သူက ကောင်မလေးရဲ့ စကားတွေကို နားမလည်ကြောင်း ပြသနေသည်။ သူ သူမကို သူမအသက် ရှစ်နှစ်ကတည်းက သိလာခဲ့တာဖြစ်ပြီး ဟင်းလျာချက်ပြုတ်တာတွေ၊ ဆေးဖော်စပ်တာတွေ၊ အသားအရည်နဲ့ ခန္ဓာကိုယ်ကို အကျိုးပြုတဲ့ နည်းလမ်းရှာဖွေတာတွေနဲ့ ဖန်လုံအိမ်ဆောက်တာတွေကို ဘယ်လိုသင်ယူခဲ့တယ်ဆိုတာ တစ်ခါမှ မမြင်ဖူးခဲ့ပေ။ ဒါပေမယ့် သူမက ထိုအရာတွေအားလုံးကို ဘယ်လိုလုပ်ရမယ်ဆိုတာ သိနေပြီး အတော်လေးကောင်းကောင်းမွန်မွန် လုပ်ဆောင်နိုင်နေသည်။

အခု သူမက 'လှျို့ဝှက်ဆန်းကြယ် အတတ်ပညာ' ကို နည်းနည်းသိတယ်လို့ ပြောလာပြန်သည်။ ဒါက စိတ်ကူးယဉ်ဆန်တဲ့အရာတော့ မဖြစ်နိုင်ဘူးဟု သူထင်သည်။ တကယ်လို့ သူမက သူမကိုယ်သူမ အနောက်အရပ်မယ်တော်နတ်ဘုရားမ၏ လူအသွင်ပြောင်းဟု ပြောလာခဲ့မယ် ဆိုရင်တောင် သူက ထိုစကားကို အမှန်တရားအဖြစ် လက်ခံလိုက်မည်ပင်ဖြစ်သည်။ ဒါပေမယ့် သူမက တကယ်ကြီး အနောက်အရပ် မယ်တော်နတ်ဘုရားမသာ ဆိုရင်တော့ သူ သူမကို လက်ထပ်လို့ရတော့မှာ မဟုတ်ပေ။ မဖြစ်ဘူး, သူမက အနောက်အရပ် မယ်တော်နတ်ဘုရားမ လုံးဝ မဖြစ်နိုင်

ဘူး!

(အနောက်အရပ် မယ်တော်နတ်ဘုရားမ - တရုတ်ဒဏ္ဍာရီလာနတ်ဘုရားမ၊ တာအိုနတ်ဘုရားများထဲတွင် သူမက ဘဝနှင့် ရှင်သန်မှုတို့၏ နတ်ဘုရားမဖြစ်သည်)

"ကောင်းပြီလေ, နတ်ဆရာမကြီးယွီ ဘာတွေများ ရှာဖွေတွေ့ရှိခဲ့လို့လဲ"

ကျူးကျွင်းယန်က ပုံမှန်အတိုင်း တည်ငြိမ်အေးဆေးနေသည်။

သူက မေးခွန်းတွေ ထပ်မထုတ်လာတာကို မြင်တဲ့အခါ ယွီရှောင်ချောင်း တစ်ယောက် နည်းနည်း စိတ်သက်သာရာ ရသွားတော့သည်။ သူမက ပြောလိုက်သည်။

"ရှင့်ရဲ့ ဝမ်းကွဲညီမမှာ တစ်စုံတစ်ယောက်ဆီက ပြုစားခံထားရတဲ့ လက္ခဏာတွေရှိတယ်။ ဒါကြောင့် သူမ ရှင့်အနား ရောက်လာတဲ့အချိန်တိုင်း ရှင့်ကိုယ်ထဲက နှလုံးသားနတ်ဆိုးက တုန့်ပြန်မှု ရှိလာတာပေါ့။ ရှင် သူမနဲ့ ထိတွေ့ရင် ရှင့်နှလုံးသားနတ်ဆိုးက နိုးထလာပြီး ရှင့်ကို ထိန်းချုပ်လိမ့်မယ်"

***